# အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ် (Recruitment Point System) အရ ကိုရီးယားသမ္မတနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်ရန် လျှောက်ထားသူများအတွက် ပထမအဆင့် ကိုရီးယားဘာသာအရည်အချင်းစစ် (EPS-TOPIK) စာမေးပွဲ ကျင်းပမည့် စာစစ်ဌာန၊ နေ့ရက်နှင့် အချိန် ထုတ်ပြန်ကြေညာခြင်း

၁။ **စာမေးပွဲ ကျင်းပမည့်နေရာ**

EPS-TOPIK Center ( အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ ရုံးဝင်းအတွင်းရှိ အဆောက်အဦသစ်၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ အမှတ် (၅) ရပ်ကွက်၊ (၈) မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)

၂။ **စာမေးပွဲ ဖြေဆိုရမည့် နေ့ရက်၊ အချိန်**

(က) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၏ ကြော်ငြာသင်ပုန်းနှင့် POEA-EPS facebook

(ခ) ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ

(ဂ) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန Website- www.mol.gov.mm နှင့် http:183.111.75.86 တို့တွင် ကြည့်ရှုနိုင်ပါသည်။

၃။ **ဖြေဆိုသူများ သတိပြုလိုက်နာရန်**

(က) စာမေးပွဲ ဖြေဆိုရမည့် အချိန်သည် တစ်ရက်လျှင် (၄) ကြိမ်ကျင်းပမည်ဖြစ်ပြီး စာမေးပွဲကို နံနက် (၁၀:၀၀) နာရီ၊ နံနက် (၁၁:၃၀)၊ နေ့လည် (၁၄:၀၀) နာရီနှင့် နေ့လည် (၁၅:၃၀) နာရီတို့ ဖြစ်ပါသည်။ (Computer စနစ်ဖြင့် ဖြေဆိုရမည် ဖြစ်ပါသည်။)

(ခ) စာမေးပွဲ ဖြေဆိုမည့်သူများအား ရှင်းလင်းဆွေးနွေး ပညာပေးခြင်းရှိပါသဖြင့် စာမေးပွဲ ဖြေဆိုချိန်ထက် နာရီဝက် (မိနစ် ၃၀) ကြိုတင်၍ သက်ဆိုင်ရာ စာမေးပွဲခန်းသို့ ဝင်ရောက် နေရာယူပြီး ဖြစ်ရမည်။ ဤသတ်မှတ်ချိန်ထက် နောက်ကျပါက စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

(ဂ) စာမေးပွဲဖြေဆိုရက်နှင့် ဖြေဆိုသူဦးရေများပြားသည့်အတွက် မိမိတို့၏ ခုံနံပါတ် အလိုက် စာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်တို့ကို အထူးဂရုတစိုက်ကြည့်ရှု မှတ်သားရန် လိုအပ်ပါသည်။

(ဃ) စာမေးပွဲဖြေဆိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား၊ နိုင်ငံကူးလက်မှတ်မူရင်း စသည်တို့ ယူဆောင်လာရမည်။ စာမေးပွဲဖြေဆိုချိန်တွင်

ဖြေဆိုသူ တစ်ဦးချင်းစီ၏ အထောက်အထား များကို စာမေးပွဲအခန်းကြီးကြပ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ လူ့စွမ်းအားဖွံ့ဖြိုးမှုရုံးအဖွဲ့တို့မှ စစ်ဆေးပါမည်။

(င) စာမေးပွဲဖြေဆိုမည့်သူများသည် လက်ကိုင်တယ်လီဖုန်းနှင့် အခြားသော လျှပ်စစ်သုံးကိရိယာများကို စာမေးပွဲဖြေဆိုရာတွင် ယူဆောင်လာခွင့်မရှိပါ။ စာမေးပွဲ ဖြေဆိုချိန်တွင် အဆိုပါစက်ကိရိယာများ အသုံးပြုခြင်းမပြုရ။

(စ) စာမေးပွဲဖြေဆိုသူသည် အထက်အပိုဒ်ခွဲ(င)ပါတားမြစ်ထားသည့် ပစ္စည်းကိရိယာများ လျှို့ဝှက်ယူဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရပါကလည်းကောင်း၊ မမှန်ကန်သည့် အပြုအမူများဖြင့်စာမေးပွဲဖြေဆိုရန် ကြိုးပမ်းအားထုတ်နေကြောင်း စိစစ်တွေ့ရှိလျှင်လည်းကောင်း၊ စာမေးပွဲဖြေဆိုမှုအား ချက်ချင်းရပ်ဆိုင်း၍ ကိုရီးယားဘာသာ အရည်အချင်း စစ်စာမေးပွဲ ဖြေဆိုခွင့်အား(၂)နှစ် ပိတ်ပင်ခြင်းခံရမည့်အပြင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်း အရေးယူခြင်းခံရမည်။

(ဆ) စာမေးပွဲဖြေဆိုရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရမည်။

(ဇ) စာမေးပွဲနှင့်ပတ်သက်၍ သိလိုသောအချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

အမှတ်(၈/၁)နဂါးရုံဘုရားလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃

**မှတ်ချက်။** စာမေးပွဲဖြေဆိုခွင့်သတ်မှတ်ချက်နှင့် မကိုက်ညီ၍ စာမေးပွဲဖြေဆိုခွင့် မရရှိသူတို့၏ အမည်စာရင်းကို အထက်အပိုဒ်(၂)ပါနေရာများတွင် ကြေညာထားမည်ဖြစ်ပြီး ယင်းတို့ပေးသွင်းထားသည့် လျှောက်လွှာကြေးများအား အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီရုံး၌ ကြော်ငြာသည့်ရက်မှ တစ်လအတွင်း အမြန်ဆုံးပြန်လည်ထုတ်ယူရန် အသိပေးအပ်ပါသည်။